

# ညိုထွန်းလူ

# အိမ်ဦးနတ်နှင့် ငိုရသူ

ဝတ္ထုများ

## အမှာစာ

ပြီးခဲ့သည့် သုံးလေးနှစ်အတွင်း ဝတ္ထုတွေ ကျွန်တော် မရေးနိုင်။ စာနယ်ဇင်းလောကထဲမှာ ကျင်လည်ရင်း ဂျာနယ်အလုပ်ဖြင့် ဗျာများနေရသောကြောင့် ဖြစ်သည်။ သို့သော် ဝတ္ထုတိုတွေ ချစ်မြတ်နိုးသည့် ကျွန်တော့် စာဖတ်ပရိသတ်ကတော့ ကျွန်တော့်ကို မမေ့ကြသေး။ ရံဖန်ရံခါ ဆိုသလို စာပေဟောပြောပွဲတွေထွက်ရင်း စာဖတ်ပရိသတ်တွေဖြင့် တွေ့ဆုံဖြစ်တော့ သူတို့ကြိုက်နှစ်သက်သည့် ကျွန်တော့်ဝတ္ထုတွေ အကြောင်း တခုတ်တရပြောပြကြ၍ အံ့သြကြည်နူးသွားရသည်။ ထိုမှ တစ်ဆင့် အဆင်ပြေရာရာဝတ္ထုတွေ စုစည်းပြီး စာအုပ်ထုတ်ဖို့ စိတ်ကူးရလာခဲ့သည်။ ကျွန်တော်က ဝတ္ထုတွေ အရေးကျဲသလို သည်ဝတ္ထုတွေ စုစည်းထုတ်ဖို့မှာလည်း ဝီရိယအားနည်းနေပြန်သည်။ စာပေညီငယ် ကိုဇော်ခိုင်ဦးနှင့် ကိုဇာနည်(ရေဝတီ)တို့၏ တွန်းအားနှင့် သူတို့၏ အကူအညီကြောင့် ယခုလို ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်သည်။ ထို့အတွက် ကျွန်တော့်ညီငယ်နှစ်ယောက်ကို ကျေးဇူးတင်ရသည်။

အိမ်တွင်းနတ်နှင့် ငိုရသူ ဝတ္ထုများစုစည်းမှုတွင် အချို့ဝတ္ထုတွေက စန္ဒကူးအိမ်ဝတ္ထုတိုစာအုပ်မှာ ဖော်ပြပြီးသား ဖြစ်သည်။ ဝတ္ထုရှည်အချို့ လည်း ပါဝင်နေပါသည်။ သည်ဝတ္ထုတွေထဲမှာ ငိုရသူဝတ္ထု ကတော့ ကလေးမြို့စာဖတ်သူများက ပေးသည့် "ကလေးစာပေဆု" ကို ရရှိခဲ့ သည်။ စာဖတ်ပရိသတ်တွေကလည်း ငိုရသူဝတ္ထုကိုပဲ မှတ်မှတ်ရရ ပြော ကြတာကို သတိပြုမိသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်ကတော့ ရေးခဲ့

သည့်ဝတ္ထုတွေကို မိဘက သားသမီးအားလုံးအပေါ်ထားရှိခဲ့သည့် ချစ်ခြင်းနှင့်မခြား မြတ်နိုးခဲ့ရသည်။ မိဘမျက်ဝန်းထဲမှာ ကိုယ့်ရင်သွေးတွေအားလုံး လှကြသည်ချည်းပင်။ ဝတ္ထုတွေ မရေးနိုင်သည့်အချိန် ဝတ္ထုတိုပေါင်းချုပ်စာအုပ်တွေ ထွက်သေးလားဟု မေးကြသည့် ကျွန်တော့် စာဖတ်ပရိသတ်အတွက် သည်စာအုပ်က အတိုင်းအတာတစ်ခုအထိ နှစ်သိမ့်ကြည်နူးမှု ပေးနိုင်မည်ဟု ယုံကြည်မိသည်။

ညိုထွန်းလူ

၂၆ အောက်တိုဘာ ၂၀၁၃

*



# အပ်သွားပေါ်က ဆေးစက်

၂၀၀၂ စန္ဒကူးအိမ်ဝတ္ထုတိုစု



# အပ်ဖျားပေါ်က ဆေးစက်
# (၁)

စိတ်မောရပါလား....၊ သည်တစ်ခါတော့ လူ့ပြည်ကအပ်တစ်စင်းနှင့် ဗြဟ္မာ့ပြည်က အပ်တစ်စင်းတို့ အပ်ဖျားချင်း ထိတွေ့ကြတော့မည် ထင်သည်။

တစ်ခုသော ညနေခင်း၌ ဘယ်ဘက်ဒူးခေါင်းပေါ်သို့ ညာဘက်ခြေသလုံးကို အကျအနတင်ကာ မေးစေ့ပွတ်လျက် ရောက်တတ်ရာရာ စဉ်းစားခန်းဝင်နေသည့် ကိုစိန်ခိုရဲ့အနီးသို့ ဇနီးချော မအေးတုတ်တစ်ယောက် ဝေခွဲမရသော အမူအရာဖြင့် ရောက်ရှိလာခဲ့သည်။ မအေးတုတ်သည် ခပ်လှမ်းလှမ်းနေရာမှ ခွေးခြေတစ်လုံးကို ဆွဲယူထိုင်လိုက်ကာ သက်ပြင်းရှည်ကြီး ချသည်။ ထို့နောက်.....

"ကျုပ်တော့ ဟိုဟာမဖြစ်တာ သုံးလတောင်ရှိပြီ ကိုစိန်ခိုရယ်...."

လို့ လင်မယားချင်းသာ နားလည်မယ့်စကားကို ဆိုင်းမဆင့် ဗုံမဆင့် ပြောချလိုက်သည်။ မေးစေ့ပွတ်နေသည့် ကိုစိန်ခိုရဲ့ ဆက်ရက်မင်း စည်းစိမ် ပျက်သွားရချေပြီ။ မမျှော်လင့်တဲ့စကားကို ကြားလိုက်ရလို့ သူ့မျက်လုံးအစုံက အထက်သို့ ၂ လက်မလောက် မြင့်တက်သွားသည်။

"သေချာရဲ့လားကွာ..... လစဉ် ဆေးစားနေတဲ့ဥစ္စာ..... မဖြစ်နိုင်ဘူး ထင်တယ်"

ကိုစိန်ခိုရဲ့စကားကြောင့် မအေးတုတ်တစ်ယောက် ခေါင်းရှုပ်သွားရ

ပါ၏။ မှန်ပါသည်။ ပုံမှန်ဆေးစားနေပါလျက် ဘာကြောင့် ဒီလိုဖြစ်သွားရပါသလဲ။ ငါထင်တာများ မှားနေရော့လား။ အတွေ့အကြုံအရ ပြောရရင် သည်ကိစ္စသည် မှားစရာအကြောင်းမရှိ။ အဲ….သေချာပြီဆိုရင်တော့….။ မအေးတုတ် ခေါင်းတစ်ချက် ကုတ်လိုက်သည်။ ခက်တော့တာပဲဟု ညည်းညူမိသည်။ အသက် ၄၅နှစ် အရွယ်ရောက်မှ ကံပေါ်လာရပြန်သမို့ သူ့အဖြစ်က ငိုရရယ်ရ အခက်ကြီးပါ။ သည်လိုအရွယ်ကြီးရောက်မှ သားမွေးချင်စိတ်လည်း ကုန်ခန်းနေပြီ။ ပြီးတော့ ကိုယ်ဝန်ကြီးတကားကားနဲ့ သွားရလာရမှာလည်း ပတ်ဝန်းကျင်ကို မျက်နှာပူသည်။ အရွယ်ရောက်လာကြသည့် အိမ်ကကလေးတွေကိုလည်း ရှက်မိပြန်သည်။

သူတို့မှာ သားသမီးလေးယောက်ရှိသည်။ သမီးနှစ်ယောက်၊ သားနှစ်ယောက် ညီတူညီမျှ။ အကြီးဆုံးသမီး ကြည်ဝင့်က အသက်တစ်ဆယ့်ရှစ်နှစ်အရွယ်၊ တက္ကသိုလ်ဒုတိယနှစ်။ အလတ်မ သန္တာက ဆယ်တန်းဖြေထားပြီးပြီ။ သူတို့အောက်မှာ သားယောကျ်ားလေး နှစ်ယောက်ဖြစ်သည့် ကျော်ဆန်းနှင့် သိန်းဇော်။

ဒါလေးတွေ မွေးခဲ့စဉ်က သူ့မှာ ပင်ပန်းလှသည်။ ကလေးတွေကလည်း မွေးကတည်းက ချူချာသည်။ တစ်ယောက်ပြီးတစ်ယောက် ရောဂါတစ်မျိုးပြီးတစ်မျိုး ဖြစ်ကြသည်။ လစဉ်လတိုင်း ဆေးခန်းကို မသွားခဲ့ရသည့်နေ့ရက်မျိုးက ခပ်ရှားရှား။ အကြီးမ နေကောင်းပြန်တော့ ကျော်ဆန်းက အာသီးရောင်ကာ ဖျား၏။ ကျော်ဆန်း နာလန်ထစရှိသေး အငယ်ဆုံးသား သိန်းဇော် ချောင်းတဟွတ်ဟွတ်ဆိုးရင်း အသက်ရှူကျပ်ပြီး တစ်ကိုယ်လုံး ပြာနှမ်းသွား၍ ပြူးပြူးပျာပျာနှင့် ဆေးတိုက်သို့ ပြေးရပြန်၏။ သည်ကလေးတွေ အရွယ်ရောက်ပြီး အမောပြေတော့မည်လို့ ထင်နေတုန်းမှာ နောက်တစ်ယောက်က ဝမ်းနိမ်ပေး၍ အိမ်တံခါးကို

ခေါက်လာပြန်ပကော။ မအေးတုတ်သည် အယောင်ယောင်အမှားမှားနှင့် စူပုံ့ပုံ့ သူ့ဗိုက်ကလေးကို ကပျာကယာ ငုံ့၍ကြည့်လိုက်မိပါ၏။ အို..... ဘာလေးများ လာဦးမှာပါလိမ့်။ ရင်သွေးဆိုသည့် အသိက သူ့ရဲ့နှလုံးသားကို ရိုက်ခတ်သွားသည်။ မျက်ဝန်းအိမ်မှာလည်း ကြည်နူးရိပ်ဖြင့် ရွှန်းလဲ့လာခဲ့သည်။ ဒါပေမဲ့ အနားမှာရှိနေသည့် လင်တော်မောင် ကိုစိန်ခိုက သူ့ကို စိတ်ဝင်စားဟန် မပြဘဲ မေးစေ့ကို ပွတ်မြဲပွတ်လျက်ရှိချေသည်။

ဟောသည့် ကမ္ဘာကြီးမှာ အေးစက်စက် ထုံတုံတုံနိုင်လှသည့် သူလိုလူမျိုးက ရှားမှရှား။ ဘယ်လို ယောက်ျားမျိုးမှန်းမသိ။ ဘာအစွမ်းအစမှ မရှိ။ မအေးတုတ်ရဲ့မျက်နှာမှာ အလိုမကျသည့်အရိပ်တွေ ယှက်သန်းလာခဲ့သည်။ သူ့ရဲ့ပင်ကိုစိတ်က ခပ်အေးအေး နေတတ်တာပါ။ ဒါပေမဲ့ စိတ်ဆတ်သည်။ ထစ်ခနဲဆိုလျှင် ဒေါသထွက်ချင်လာသည်။ ဒေါသဖြစ်လာပြီဆိုလျှင်လည်း ကုတ်ဖဲ့ရိုက်နှက်လိုက်ရမှ ကျေနပ်သည်။ ယခုလည်း စိန်ခိုရဲ့ အမူအကျင့်ကို ကြည့်ကာ ဖျင်းခနဲ ဖြစ်သွားသည်။ စိတ်လွတ်ကိုယ်လွတ်ဖြင့် ရုတ်တရက် မတ်တတ်ရပ်လိုက်ဖို့ ဟန်ပြင်ပြီးမှ ကိုယ့်အခြေအနေကို သတိထားမိ၍ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရလေတော့သည်။

*

## (၂)

လူထွင်းတဲ့ခံတွင်း မဟုတ်။ နတ်ထွင်းတဲ့ခံတွင်း ဖြစ်ပါသတဲ့။ ရှေးလူကြီးတွေက အဲဒီလို ပြောခဲ့ဖူးကြ၏။ မှန်ပေသည်။ လူ့ဘဝဆိုတာ ရခဲသလို ကုသိုလ်ကံ ကြီးမားကြသူတွေသာ ရောက်လာခွင့်ရှိ တာကိုး။

ဒါပေမဲ့ လူဖြစ်လာရတာချင်းအတူတူ ဝဝလင်လင် စားနိုင်ဖို့၊ အေးအေး ချမ်းချမ်း နေနိုင်ဖို့ အတွက် တစ်ယောက်နဲ့တစ်ယောက် ကံကြမ္မာချင်း မ တူညီကြပြန်။ ကံကောင်းသူတွေက ရွှေပင်မှာ နားခွင့် ရခဲ့သည်။မအေး တုတ်ရဲ့ ရင်ခွင်သည် ရွှေပင် မဟုတ်သော်လည်း မေတ္တာရိပ်တွေနှင့် အေးမြနေသည့် သစ်ပင်လေးတစ်ပင် ဖြစ်သည်။ သားသမီးတွေအားလုံး သူ့ရဲ့ မေတ္တာရိပ်မှာ ခိုလှုံရင်း လူလားမြောက်ခဲ့ကြရတာပဲ။ အခုအချိန် မှာ သူတို့မိသားစုဘဝလေးထဲကို နောက်ထပ်ပါးစပ်ပေါက်တစ်ပေါက် တိုးလာလျှင်လည်း ပူပန်ကြောင့်ကြမှု မရှိတော့ပါ။ လွန်ခဲ့သည့် ၁၅ နှစ် လောက်ကတည်းက အရွယ်မရောက်နိုင်သေးသည့်အတွက် ကလေး တွေနှင့်အတူ လူ့ဘဝရဲ့ ခရီး ကြမ်းကြီးကို ခါးသီးစွာ ဖြတ်သန်းခဲ့ရဖူးပြီ။ မရှိဆိုသည့် စကားလုံးကိုလည်း မကြာမကြာ ကြားရဖန်များ ၍ နားယဉ် နေပြီ။ အဲဒီစကားလုံးသည် သူ့အတွက် သီးသန့်တံဆိပ်ကပ်ထားသည့် ထရိတ်မတ်တစ်ခု ဖြစ်ပါ၏။

နေ့စဉ်နှင့်အမျှ ဆန်အတွက် ပူပန်ရသည်။ ဆီအတွက် ကြောင့်ကြရ သည်။ ဆီ၊ ဆန် အဆင်ပြေပြေတော့ မီးသွေးနှင့် ဟင်းချက်စရာတွေက မရှိ ပြန်။ အဲဒါတွေ အားလုံးစုံပြန်တော့လည်း ကလေးတွေက နေမကောင်း၊ ငွေက ရှာဖွေရခက်ခဲပေမယ့် ကုန်ပေါက်က နေ့တိုင်းလိုလို ကြုံတွေ့ရစ မြဲ။ ဒါတွေကို အဆင်ပြေဖို့အရေးကို ခေါင်းပူအောင်စဉ်းစားကာ ကြံရ ဖန်ရသည်။ ထိုအခါ သူ့ရဲ့စိတ်သည် အရင်ကလို မဟုတ်ချေပြီ။ ထစ်ခနဲ ဆို ဒေါသဖြစ်လာ၏။ စိတ်အလိုမတွေ့လိုက်တာနဲ့ သူ့ပါးစပ်မှ စက်သေနတ်ပစ်လိုက်သလို ဖရုဿဝါစာ ချစ်ဖွယ်သောစကားတွေ ဒလဟော ထွက်လာကုန်တော့၏။ အဲသည်လို အချိန်မျိုးတွင် ကိုစိန်ခို သည်လည်း တင်ပျဉ်ခွေပြီး မေးစေ့ပွတ်လေ့ရှိသည့် ပြုနေကျအကျင့်ကို အလျင်အမြန် ရုတ်သိမ်း၍ လက်ဖက်ရည်ဆိုင်သို့ လစ်ခနဲ ထွက်သွားရ

လေသည်။ မသွားလို့ မဖြစ်ပါ။ ဒေါသဗုံးအိုးဒဏ်ကို ခံရချက်က မသက်သာ။

သည်မိန်းမ ဘယ်လိုဖြစ်သွားရတာလဲဟု ကိုစိန်ခိုက ခေါင်းကုတ်ရင်း စဉ်းစားကာ အဖြေရှာသည်။ အရင်တုန်းက မအေးတုတ်ဆိုတာ သည်ပုံသည်နှယ်မဟုတ်။ အေးအေးဆေးဆေး နွဲ့နွဲ့နှောင်းနှောင်းလေး။ အင်မတန်မှ အရှက်အကြောက်ကြီးဘိသည်။ မည်သူ့ကိုမျှ စကားဟဟ မပြောရဲ။ ထိုအခါ အနေအထိုင်ယဉ်ကျေးသိမ်မွေ့သော လူ့လောက အကြောင်းကို ဘာမှနားမလည်ရှာသော သမီးလေးရဲ့ နောင်ရေးအတွက် အမေ စိတ်ပူသည်။ အမေတစ်ခု သမီးတစ်ခု နေခဲ့ရသည့် ဘဝလေးသည်လည်း မည်ရွေ့မည်မျှအထိ ကြာကြာနေခွင့်ရှိမည်မှန်း မသိနိုင်။

မအေးတုတ်ရဲ့အဖေက တိုင်းရင်းမြန်မာ ဆေးဆရာကြီး ဖြစ်သည်။ သူ့အပျိုဖော်ဝင်ကာစတွင် အဖေ ကွယ်လွန်အနိစ္စ ရောက်သွားခဲ့သည်။ အားကိုးအားထားစရာ ရွှေတောင်ကြီး ပြိုလဲကျသွားခဲ့ပေမယ့် ရှေ့ရေးအတွက် ပူပန်စရာမရှိတော့။ ရွှေ ၅၀ ကျပ်သား ကျန်ရစ်ခဲ့သည်။ အဖေ့ဆီက တိုင်းရင်းဆေးပညာ အမွေမရလိုက်သော်လည်း အိမ်မှာ မုန့်ပဲသားရေစာ ဆိုင်ငယ်လေး ဖွင့်ထားနိုင်၍ ဝမ်းရေးအတွက် စိတ်အေးရသည်။ ကျယ်ဝန်းသော အိမ်ဝိုင်းထဲမှာ သီးပင်စားပင်လေးတွေ စိုက်ပျိုးထားသောကြောင့် ရာသီအခါလိုက် အဲဒီငွေလည်း နည်းနည်းပါးပါးဝင်သည်။ သူတို့ သားအမိနှစ်ယောက်ရဲ့ ဘဝကား လောဘ၊ ဒေါသ၊ မောဟ မရှိ။ ငြိမ်းအေးချမ်းမြေ့သည်။ ဒါပေမဲ့ ဘဝဆိုတာ သည်လိုချည်း ပုံသေတွက်ထားလို့ရတာမှ မဟုတ်ဘဲ။ တရားသဘောအရ ဆန့်သောလက်မကွေးမီ၊ ကွေးသောလက်မဆန့်ခင်မှာ မိမိမျက်စိမှိတ်သွားလျှင် ကျန်ရစ်သူ သမီးလေးအတွက် ခက်ရပြီ။ တစ်နေ့တခြား အလှသွေးကြွယ်လာသည့် သမီးလေးကို တစိမ့်စိမ့်ကြည့်ရင်း အမေခမျာ သက်ပြင်းအခါခါချ

မိသည်။ ကဲ... ဘယ့်နှယ် စီစဉ်ရပ့ါမလဲ။

အဲသလိုဖြင့် အမေသည် နေ့စဉ်နှင့်အမျှ စဉ်းစားတွေးတောရင်း ရင်ဆူလှိုက်ပူကာ ရတက်မအေး ဖြစ်ရပါသည်။ ရိုးသားသောမိခင်တစ်ဦး ပီပီ သမီးရဲ့အိမ်ထောင်ဖက်ကို ကိုယ်တိုင်လည်း ရှာဖွေ နိုင်စွမ်း မရှိရှာ။ ဒါပေမဲ့ပေ့ါ မိုးရာသီ၏ သာယာလှပသည့် တစ်ခုသောညနေခင်းမှာ စိတ်မောပြေ ပျော်ရွှင်စရာ မျှော်လင့်ချက် ရောင်ခြည်လေးကို အမေ တွေ့ရှိလိုက်သည်။ ကိုစိန်ခိုသည် အမေ့ မျက်လုံးထဲတွင် ကိုယ်ရောင်ကိုယ်ဝါ ထွန်းလင်းတောက်ပနေလျက်ရှိသည်။ မအေးတုတ်တို့နှင့် မျက်နှာချင်းဆိုင်မှာရှိသည့် ကြက်တောင်ကွင်းမှာ ညနေတိုင်း ကြက်တောင်လာရိုက်လေ့ရှိသည့် ကိုစိန်ခိုနှင့် အမေ သိကျွမ်းခဲ့ရသည်။ အမေ့ကို တွေ့လေတိုင်း လက်အုပ်လေးချီကာ.... "အမေ နေကောင်းတယ်နော်၊ အမေ့ စားပြီးပြီလားခင်ဗျ".... ဟူသော စကားတို့ဖြင့် ဂါရဝပြု၏။ ယင်းသမို့ကြောင့် ထိုလူငယ်သည် လိမ္မာရေးခြားရှိသည်လို့ သတ်မှတ်လိုက်သည်။

တစ်ခါတစ်ရံ၌ ကိုစိန်ခိုသည် အမေရဲ့အလစ်မှာ ရက်ကက်ကြီးကို တဝှီးဝှီးရမ်းရင်း မအေးတုတ်ကို ပြုံးပြုံးကြီး စိုက်ကြည့်တတ်သည်။ အဲသည်အခါမျိုးမှာ မအေးတုတ်တစ်ယောက် ဘယ်လို ဖြစ်သွားရတာလဲ မသိ။ စိတ်တွေ လှုပ်ရှားရင်း ငိုချင်သလိုလို၊ ရယ်ချင်သလိုလို ဖြစ်သွားရတာပေ့ါ။

"နင်က ဂရုမစိုက်သလိုနေပေ့ါဟဲ့...... ယောက်ျားဆိုတာ ဒီလိုချည်းပဲ..... ရမလားလို့ သွေးတိုး စမ်းကြည့်တာနေမှာ"

စိန်ပွင့်က မျက်မှောင်တစ်ချက်ကြုတ်ကာ ဝေဖန်ချက် ပေးလိုက်သည်။ စိန်ပွင့်သည် မအေးတုတ်ရဲ့တစ်ဦးတည်းသော အရင်းနှီးဆုံး

သူငယ်ချင်း။ ထဘီမကပ်သေးတဲ့အရွယ်ကတည်းက ပေါင်းသင်းလာခဲ့ကြတာကြောင့် တစ်ဦးအကြောင်းကို တစ်ဦးက အူမချေးခါးမကျန်သိသည်။ ဒါပေမဲ့ သူတို့ နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် စရိုက်ချင်းမတူ။ စိန်ပွင့်သည် မအေးတုတ်လို မဟုတ်။ သွက်လက်ဖျတ်လတ်သည်။ ပြောစရာရှိလျှင် ဟောဟောဒိုင်းဒိုင်း ပြောတတ်သည်။ အဲသည်တော့ ရိုးသားအေးဆေးသည့် သူ့သူငယ်ချင်းအတွက် စိတ်ပူမိ၏။ မမှားသင့်တာတွေကို မှားသွားမှာကို စိုးရိမ်၏။ ယောကျ်ားဆိုတာ ယုံရတာမှ မဟုတ်ဘဲ။ ဒင်းတို့တစ်တွေနဲ့တွေ့လျှင် ခပ်တင်းတင်းဆက်ဆံမှ တော်ရုံကျသည်။ မျက်နှာသာပေးလျှင် ကမ်းတက်ချင်သည်။

ဟိုတစ်နေ့က မောင်သိုက်ဆိုသည့် အကောင်ပေါ့။ လူပုံစံက လည်သလိုလို၊ နည်းနည်းလေး အခွင့်အရေးပေးလိုက်တာနဲ့ သေနာက ထိကပါးရိကပါး လုပ်ချင်သည်။ ဟင်း.....ဟင်း ဘာရမလဲ စိန်ပွင့်တဲ့ တစ်ပွင့်တည်း ရှိတယ်။ ချာခနဲလှည့်ပြီး ပါးကိုဖြောင်းခနဲမြည်အောင် ရိုက်ထည့်လိုက်သည်။ အဲဒီနောက်ပိုင်း သူတို့ မျက်နှာချင်းတောင် မရင်ဆိုင်ရဲတော့။ ဤသို့ဖြင့် စိန်ပွင့်သည် ယောကျ်ားတို့ အကြောင်းကို မအေးတုတ်အား လက်ချာပေးသည်။ လက်ချာပေးသည့် အချိန်ကိုတော့ သတ်မှတ် မထား။ ရပ်ကိုင်းဈေးကို ဈေးဝယ်သွားကြရင်းနဲ့လည်း ပို့ချသည်။ တစ်ဖန် ဥပုသ်နေ့တိုင်း ရပ်ကွက်ဓမ္မာရုံက ဓမ္မစကြာဝတ်ရွတ်အသင်းမှာ ဆုံတွေ့ကြပြန်တော့"ယဿနုဘာဝတောယက္ခာ၊ နေဝဒေဿန္တိ ဘီသနံ"ဟူသော မေတ္တာသုတ်ကို ရွတ်ဖတ်ရင်း ယောကျ်ားတို့မကောင်းကြောင်းကို ဟောကြားပြန်သည်။

စိန်ပွင့်ရဲ့ တရားဒေသနာကို မအေးတုတ်ခမျာ မျက်လုံးကလေးကလယ်ကလယ်နဲ့ နားထောင် ရရှာသည်။ တစ်ခါတစ်ရံတော့ ဘာမသိ၊ ညာမသိဘဲ စိန်ပွင့်ကျေနပ်အောင် ခေါင်းညိတ်ပြရသည်။ ဒါပေမဲ့ သူ့ရဲ့

နှလုံးသားထဲမှာ အသားညိုမောင်းသော၊ ကိုယ်နေဟန် မြင့်မားသော၊ ယဉ်ကျေးသိမ်မွေ့စွာ စကားပြောတတ်သော ကိုစိန်ခို ရောက်နေတာကို တော့ စိန်ပွင့်ခမျာ မသိရှာ။

*

## (၃)

"အမေ.... မရှိဘူး အန်တီအေး...... အသုဘသွားပို့နေတယ်.... ခဏ နေတော့ ပြန်လာမှာပါရှင့်"

စိန်ပွင့်ရဲ့သမီးကြီး မြင့်မြင့်စိန်က ဆီးကြိုကာပြောလိုက်၍ မအေး တုတ် ရင်မောသွားရသည်။ စိန်ပွင့်ဆီကို လာရတဲ့ခရီးက မသက်သာ။ ဘတ်စ်ကား နှစ်ဆင့် စီးရသည်။ ဘယ်လိုပဲဖြစ်ဖြစ် စိန်ပွင့်ကို စောင့်ရ ပေမည်။ သူ့ရဲ့ဟိုကိစ္စတိုင်ပင်သမှုပြုကာ အကြံဉာဏ်တောင်းချင်သည်။ မအေးတုတ်သည် ယနေ့အထိ စိန်ပွင့်ရဲ့ နည်းပေးလမ်းညွှန်မှုအောက်မှ မလွတ်ကင်းနိုင်သေးပါ။ ကိုစိန်ခိုကို ယူလိုက်တဲ့ ပြစ်ချက်က လွဲလို့ပေါ့။ စိန်ပွင့်က မအေးတုတ်နဲ့ ကိုစိန်ခိုကို လုံးဝသဘောမတူပါ။

ယူစရာရှားလို့ ကျောက်သမားကိုမှ လင်တော်ရသတဲ့လားလို့ ပက် ပက်စက်စက်ကြီး ပြောသည်။ ဒါပေမဲ့ သူ့အပေါ်မှာတော့ အရင်လိုပင် ခင်မင်မှုမပျက်။ အိမ်ထောင်ကျ၍ ဒေးဝန်းကို ပြောင်းရွှေ့သွားတော့ လည်း သံယောဇဉ်မကုန်နိုင်ဘဲ သူ့ဆီကို ရောက်လာတတ်သည်။ သူက လည်း အရေးအကြောင်းရှိလျှင် စိန်ပွင့်ဆီ သွားရစမြဲ။ ယခုလည်း ဟို ကိစ္စကြောင့် ရောက်လာရပြန်ပြီ။

မြင့်မြင့်စိန်ရဲ့လက်ထဲက သောက်ရေခွက်ကိုယူကာ အငမ်းမရ

သောက်လိုက်ရပေမယ့် ရင်ထဲမှာ အမောမပြေချင်။ တကယ်တော့ ဘဝဆိုတာ ဖြစ်လာကတည်းက အမောနှင့်ရင်ဆိုင် ကြုံတွေ့ခဲ့လာရသလား။ ဘဝခရီးရှည်ကြီးကို တစ်ယောက်တည်း လျှောက်လှမ်းရမှာ စိုးကြောက်လှပါသည်။ သည်ခရီးကား ကြမ်းတမ်းလှချေသည်။

ဆူးပြောင့်ခလုတ်တွေ ပေါများလှသော ခရီးလမ်းကို မဝံ့မရဲလှမ်းရင်းနဲ့ ခြေဖဝါးတော်နုနု သွေးခြေဥချင်လာသည်။ ဇာတ်ထဲကလို ခြေဖဝါးတော်က နာတယ် နာတယ်တော်ရဲ့ တေးသီချင်းကို မသီဆိုဖြစ်ပေမယ့် အလိုလို စိတ်အားငယ်မိတတ်သောအချိန်မျိုးတွင် ကိုစိန်ခိုရဲ့ ရင်ခွင်သို့ ခိုလှဲလိုက် ချင်စိတ်တွေ တစ်အုံတစ်ခဲကြီး ပေါက်ဖွားလာရသည်။ အရေးထဲ အမေကလည်း ကိုစိန်ခိုရဲ့ အကြောင်း ကိုပဲ ပြောလို့ မဆုံးနိုင်။ မောင်စိန်ခိုလေးက သနားကမားနဲ့ကွယ်လို့ စကားစလိုက်တာနဲ့ သူ့ခမျာ ရှက်ကိုးရှက်ကန်း ဖြစ်သွားရင်း အမေ့စကားကို မကြားယောင်ပြု၍ ကောင်းကင်က လမင်းကြီးကို ငေးမောကြည့်နေမိသည်။ ဟယ်.....အဲဒါမှ ဒုက္ခ။ လမင်းကြီးရဲ့မျက်နှာမှာလည်း ကိုစိန်ခို့ကို တွေ့ရပြန်ပြီလေ။ ခက်ရပါလားနော်။

အမေက နံ့သာပုတီးလေးကို စိပ်ရင်း သမီးရဲ့အခြေအနေကို အကဲခတ်မိသည်။ အမေလည်း ငယ်ရာက ကြီးလာတာဖြစ်ပေမယ့် ရိုးရိုးအအမို့ အမေ့ခမျာ သမီးသဘောကို တိတိကျကျ မခန့်မှန်းနိုင်ရှာ။ အမေ့လက်ထဲက ပုတီးလေးကို စောင်းငဲ့ကြည့်ရင်း မအေးတုတ်မျက်နှာမှာ အပြုံးရိပ်လေး ပြေးဖြတ်သွားသည်။ အဲသည် နံ့သာပုတီးလေးကလည်း နှလုံးအိမ်မှာ ပြုံးရယ်ကြည်နူးစရာပေကိုး။ တစ်ရံရောအခါက အဆိုပါ ကိုစိန်ခိုသည် မင်းဘူးရွှေစက်တော်မှ ဘုရားဖူးအပြန် အမေ့အတွက် နံ့သာပုတီးလေး ဝယ်ခဲ့ပါသတဲ့။

"အမေရယ်.... သား ကုသိုလ်ရအောင် ညအိပ်ရာဝင်တိုင်း ဒီပုတီး လေးကို စိပ်ပေးပါနော်"

ဟူသော စကားကြောင့် အမေ့မှာ ကျေနပ်ပီတိဖြစ်လို့ မဆုံး။ တကယ့်ကို ရှားမှရှားသည့် ကလေး။ အမေသည် မောင်စိန်ခို... မောင်စိန်ခိုဟု ခေါ်ရာမှ နှုတ်မှ လွတ်ခနဲ "သား" လို့ ယောင်မှားခေါ် လိုက်မိရှာသည်။ သားလေး မောင်စိန်ခိုကလည်း လိမ္မာရေးခြား ရှိပေသည်ကိုး။

တစ်ခါတုန်းကလည်း ကတိုက်ကရိုက်ဖြင့် ကိုစိန်ခို ရောက်လာခဲ့သည်။ မိုးကောင်းကို ခရီးထွက်ခါနီးမှာ အမေ့အား ကန်တော့သွားချင်ပါသတဲ့။ အဲသည်နေ့က ဥပုသ်နေ့မို့ အမေက အိမ်မှာမရှိ။ ဘုရား ကြီးမှာ ရောက်နေသည်။ ကိုစိန်ခိုရဲ့မျက်နှာမှာ ရုတ်ခြည်းပင် ဆွေးရိပ်သန်းသွား ခဲ့သည်။

"အမေ မရှိလည်း အမေအိပ်တဲ့ ခုတင်လေးကိုပဲ ကန်တော့သွားပါရ စေ မအေးတုတ်ရယ်"

ဟု ကြေကြေကွဲကွဲ ပြောလိုက်သည်။ ထို့နောက် ရိုကျိုးပျက်ဝပ်စွာဖြင့် အမေ့ခုတင်လေးအား ကန်တော့ပါသည်။ အဲသည်ဟာမျိုးတွေကြောင့် ကိုစိန်ခိုသည် အမေ့ထံမှ အမှတ်ပြည့်ရခဲ့သည်။

ပထမရက်မှာ မောင်စိန်ခိုလေးက မဆိုးဘူး သမီးရဲ့ဟု စကားစ၏။ လူကြီးမိဘတွေအပေါ်မှာ ဂါရဝတရားရှိတယ်ဟု ဒုတိယမြောက်ရက်မှာ ပြောပြန်၏။ တတိယရက်ကိုရောက်တော့ မောင်စိန်ခိုလေးကိုပဲ အိမ်ထောင်ဖက်အဖြစ် စဉ်းစားစေချင်တယ် သမီးရယ်ဟု ပွင့်ပွင့်လင်း လင်း အဆိုတင်သွင်းသည်။ အမေသည် ကိုစိန်ခို အကောင်းမြင်ဝါဒ ကြောင့် သူ့သမီးကို ကိုယ်တိုင်အောင်သွယ်ပေးနေမိတဲ့ အဖြစ်ကိုပင် သတိပြုမိဟန် မတူပါ။ မည်သို့ပင်ဖြစ်စေကာမူ မအေးတုတ်ကလည်း မ

ဆွတ်ခင်ကတည်းက ညွတ်ချင်နေတာပဲ။ ဤသို့ဖြင့် လင်စံရွေး၊ လင်ရွေး မမှားအောင် အမေ့အလိုကျ ခေါင်းညိတ်ရပါလေ၏။

"ဟယ်... အေးတုတ်"

အသုဘပို့ပြီးပြန်လာသည့် စိန်ပွင့်တစ်ယောက် သူ့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၍ အံ့ဩဝမ်းသာသွားသည်။ သူတို့နှစ်ယောက် မဆုံဖြစ်တာ ကြာပြီ။ အဆင်မှပြေရဲ့လားလို့တွေးပြီး ပူမိသည်။ ငယ်သူငယ်ချင်းတွေထဲမှာ အေးလည်းအေး၊ အလည်း အသမို့ သူ့ကို အချစ်ခင်ဆုံး ဖြစ်သည်။ ဒါပေမဲ့ သူ့ခမျာ လင်ရကံ မကောင်းရှာ၊ သူ့ယောကျ်ားစိန်ခိုသည် ဟိတ်ကလေး ဟန်ကလေးနှင့် နေတတ်တာ ကလွဲလို့ အလုပ်ကို လက်ကြောတင်းအောင် မလုပ်။ အဲသည်တော့ အေးတုတ်ပဲ ပင်ပန်းရှာ၏။ အပျိုတုန်းကလို ကြော့ကြော့မော့မော့နဲ့ မနေနိုင်ဘဲ ဖိုသီဖတ်သီ ဖြစ်နေသည် သူ့ကို တွေ့ရတိုင်း စိတ်မကောင်းဖြစ်ရသည်။ အေးတုတ် အနား ဆက်တီခုံမှာထိုင်ရင်း မောလိုက်တာဟု ပြောလိုက်သည်။ စိန်ပွင့် သည် ဘာကိုမောတာမှန်း မသိ။

နေပူပူကြီးထဲမှာ အသုဘပို့လာပြီး မောရသလော။ ဒါမှမဟုတ် အေးတုတ်ကို တွေ့မြင်ရလို့ လော။ သို့ပေမယ့် အေးတုတ်ကိုကြည့်ရတာ အရင်နဲ့မတူ အနည်းငယ် ပြည့်ပြည့်ဖြိုးဖြိုး ရှိနေသည်လို့ ထင်သည်။ ဒီကောင်မ ဘယ်လို အရသာများ တွေ့လာလို့ပါလိမ့်။

"ကောင်မ...... ခုမှ ဘာစိတ်ကူးပေါက်ပြီး ငါ့ဆီကို ရောက်လာရတုံး.....အေးလေ ညည်းကတော့ အကြောင်းကိစ္စရှိမှ လာတတ်တာပါ"

ဟု စိန်ပွင့်က မျက်စောင်းတထိုးထိုးနှင့် ထေ့ငေါ့ပြောလိုက်သည်။ ပြီးတော့ အနားမှာရပ်နေသည့် သူ့သမီးမြင့်မြင့်စိန်ကို တွေ့လိုက်၍ မအေးတုတ်ကို မေ့သွားကာ......

"ကောင်မလေး သနားစရာလေးဟယ်.... သေတယ်ဆိုပေမယ့် အိပ်ပျော်နေတဲ့ အတိုင်းဟဲ့"

ဟု ပို့ခဲ့ရသည့် အသုဘကို သတိရကာ မဆီမဆိုင် ပြောလိုက်ပါသည်။ ဆိုင်ဆိုင်မဆိုင်ဆိုင်ပေါ့။ သေဆုံးသွားရှာသည့် မိန်းကလေး အကြောင်းကို တစ်ယောက်ယောက်အား ပြောပြချင်သည်။ စိတ်မကောင်းစရာ။ ကောင်မလေးက အရွယ်ကောင်းလေး။ ကြုံကြုံဖန်ဖန် ဖြစ်ချင်တော့ ဆေးပုလင်းမှားပြီးသောက်လို့ သေရသတဲ့လား။ ပဉ္စာ မြေလူးနေရသည့် ကောင်မလေးရဲ့အမေကို ကြည့်ကာ အသုဘ လာပို့ကြသူတိုင်း စိတ်ထိခိုက်ကြရသည်။

"သူ့ရဲ့ ကုသိုလ်ကံက လူ့ဘဝမှာ ဒီလောက်ပဲ နေခွင့်ရဟန် တူပါရဲ့ ဟယ်"

စိတ်မကောင်းစရာ ကြုံတွေ့ခဲ့ရသည့် အသုဘမြင်ကွင်းကို စိန်ပွင့်က သက်ပြင်းချရင်း နိဂုံတံ အဆုံးသတ်လိုက်သည်။ မအေးတုတ်လည်း စီကာပတ်ကုံး ပြောပြနေသည့် စိန်ပွင့်ရဲ့ဇာတ်လမ်းထဲမှာ နစ်မြောရင်း စိတ်ထိခိုက်ခဲ့ရသည်။ သူ့ရဲ့လာရင်းကိစ္စကို မေ့လျော့ပြီး မမြင်ဖူးပေမယ့် သေဆုံးသွားသူ၏ ကလေးမလေးအပေါ် ကရုဏာသက်မိသည်။ သားသမီးချင်း ကိုယ်ချင်းစာမိပါ၏။ တကယ်လို့ ....ဖွ .... မပြောကောင်း မဆိုကောင်း သမီးကြီးကြည်ဝင့်သာ အဲဒီလိုအဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ရလျှင်..... ရှေ့ဆက်မတွေးရဲတော့။ အလိုလိုနေရင်း အသက်ရှူကျပ်လာခဲ့သည်။ အောက်နှုတ်ခမ်းကို အသာအယာ ကိုက်လိုက်ရင်း ခေါင်းခါရမ်းလိုက်သည်။

*

# (၄)

တကယ်တော့ လူ့ဘဝဆိုတာ ကံစီမံရာ နာခံကြရစမြဲ။ ကံပြုသမျှ နေရတယ်။ ကံကြမ္မာက ဖန်တီးပေးလျှင် ဘယ်လိုမှ ရှောင်လွှဲလို့မရပေ။ အဲသည်တော့ ကိုစိန်ခိုနှင့် အကြင်လင်မယားဘဝကို ရောက်ခဲ့ရတာကလည်း ရေးရေစက်ကြောင့်ပဲလို့ စိတ်တုံးတုံးချကာ ယူဆလိုက်သည်။ တစ်ခါတစ်ခါတော့ စိတ်ပူပင် အားငယ်မှုတွေ ဖြစ်တိုင်း တမလွန်ခရီးကို ထွက်ခွာသွားသည့်အမေအား တမ်းတကာ ဟစ်အော်ငိုလိုက်ချင်သည်။ အိမ်ထောင်ပြုပြီးမှ ဘဝခရီးကြမ်းကို ဖြတ်သန်းရင်း လူကြမ်းစိတ်ကြမ်း မိန်းမကြမ်းကြီး ဖြစ်သွားရသည့် သူ့ကို အခွင့်သင့်လျှင် အမေ မြင်စမ်းစေချင်လှသည်။

ကိုစိန်ခိုလည်း စီးပွားရှာပါ၏။ ဒါပေမဲ့ ကျောက်သမားရဲ့ စီးပွားရေးကား ဘာမှမသေချာ။ ဖောင်တဲ့အခါဖောင်း၊ ပြားတဲ့အခါပြား ဆိုပေမယ့် ဖောင်းတာထက် ပြားတဲ့နေ့ရက်တွေပဲ အမြဲ ကြုံတွေ့ခဲ့ရသည်။ ဤသို့ဖြင့် တစ်ချိန်က သားအမိနှစ်ယောက် ကျစ်ကျစ်ပါအောင် သိမ်းထုပ်ထားခဲ့သည့်ရွှေငါးဆယ်သားသည်လည်း ချစ်သူလင်ရဲ့ ကောင်းမှုကြောင့် တစ်တုံတုံတိ တစ်တိတိကုန်ကာ တတိယမြောက်သား ကျော်ဆန်း ရွှေပန်းငေါက်တောက်နဲ့ လမ်းစလျှောက်သွားချိန်တွင် လုံးဝပြောင်သလင်းခါ သွားရလေပြီ။ ကံအကျိုးမပေးတော့ သည်လိုပေါ့ကွယ်ဟူသော ကိုစိန်ခိုရဲ့ စကားချိုချိုကြောင့် မကြင်နာဘဲ စိမ်းကားသွားရှာသည့် သူ့ရဲ့ရွှေထုပ်ကလေးကို သံယောဇဉ် ဖြတ်တောက်လိုက်ရသည်။ မှန်ပါသည်။ ကံမပေးရင် ဘာမှမတတ်နိုင်။ ကံမရှိဉာဏ်ရှိတိုင်းမွဲလို့ဆိုသည်မဟုတ်လား။ သူတို့ အပေါ်မှာ တစ်ချက်လေးမှ မျက်နှာသာပေးဖော်မရသည့် ကံကြမ္မာကို စိတ်နာမိသည်။

အိမ်ဝိုင်းတစ်ခြမ်းကို ဖဲ့ရောင်းပြီး ရောင်းရသည့်ငွေလေးနှင့် ခန္တီးသို့ ကိုစိန်ခိုခရီးထွက်သွားသည်။ သုံးလေးလမက ကြာသည်။ စာမလာ သတင်းမကြားရသည့်အတွက် ဒေါသထွက်မိသည်။ ဒါပေမဲ့ ငှက်ဖျား မိ၍ အလဲလဲအပြိုပြိုနဲ့ တစ်ခေါက်ပြန်လာရသည့် လင်တော်မောင်ကို တွေ့မြင်ရတော့ ရင်ဆို့သွားရသည်။ အိပ်ရာထဲလဲနေသည့် သူ့ကို ပြုစုရ ပြန်သည်။ အဲဒီတုန်းက နေ့ရက်တွေကို ဘယ်လိုဖြတ်သန်းပြီး ကုန် လွန်သွားခဲ့သည် မသိ။ အိမ်မှာ ဈေးဆိုင်ငယ်ကလေး ဖွင့်ထားသည်။ ကလေးတွေကလည်း ငယ်ငယ်ရွယ်ရွယ်၊ ကလေးတွေတစ်ဖက်၊ ဆိုင်က တစ်ဖက် ချာချာလည်နေရသည့်အချိန် ကိုစိန်ခိုသည် မအေးတုတ်ရဲ့ လက်ကို ညင်သာစွာ ဆုပ်ကိုင်လိုက်ရင်း.....

"အားနာလိုက်တာ.... ငါ့မိန်းမ ပင်ပန်းရှာမှာပဲ"

ဟု အကြင်နာစကား ပြောသည်။ အို... တော်ပါတော့ သူ့ရဲ့ဒီလို စကားတွေထဲမှာ မအေးတုတ် ကြွေခဲ့ရတယ်လေ။

ကိုစိန်ခို နာလန်ထပြီး နှစ်လအကြာမှာ အငယ်ဆုံးကောင် သိန်းဇော် ကို ကိုယ်ဝန်ကြီးတကားကားနဲ့ နေပူမိုးရွာမရှောင် သွားလာနေသည့် သူ့ ကို "ညည်းကတော့ စံပါပဲအေ" လို့ စိန်ပွင့်က ချီးမွမ်း ထောပနာ ပြုသည်။ အပျိုတုန်းကနဲ့ မတူ၊ အိမ်ထောင်ကျကတည်းက ဘဝကို ကြုံ သလိုရင်ဆိုင်ပြီး ခုနစ်ထွေကနေသည့် မအေးတုတ်ရဲ့အဖြစ်ကား အံ့သြ မကုန်နိုင်ဖွယ်မို့ စံပါပဲလို့ စိန်ပွင့်ရဲ့ အပြောအဆိုကို ခံခဲ့ရသည်။ "ဟော.... အခုလည်း စံပါပဲဟယ်" လို့လည်း စိန်ပွင့်ထုံးစံအတိုင်း ရေရွတ်ရပြန်ပြီ။ မအေးတုတ် ရှက်ပြုံးလေးဖြင့် စိန်ပွင့်ကို ကြည့်လိုက် သည်။ သူ ထင်သည့်အတိုင်းပင် သူ့မှာ ကိုယ်ဝန် သုံးလ ရှိပြီတဲ့။ သေချာ ရဲ့လားလို့ ထပ်မံ မေးစရာမလိုပါ။ စိန်ပွင့်တို့ အရပ်ထဲက လက်သည်မ

အေးရှင်ရဲ့ သဘာနှင့်ဝါကို လုံးဝ ယုံကြည်စိတ်ချပြီးသားပါ။ အဲဒါက မြားပြထားသည့် ဟို.... တားဆေးလေးတွေကို နေ့စဉ်စားပါလျက် ဘာကြောင့်များ ကိုယ်ဝန်ရလာပါသလဲ။

သူ သိချင်တာကို ဘယ်သူမှ မဖြေနိုင်ခဲ့။ ခေတ်ကာလဆေးဝါးတွေ အကြောင်းကို ကျူပ်လည်း မသိဘူးလို့ လက်သည်မအေးရှင်က ပြောသည်။ ဆေးခန်းတစ်ခုခုကိုသွားပြီး ဆရာဝန်ကို ပြသစစ်ဆေးလျှင်ဖြင့် သည်ကိစ္စကို ရှင်းရှင်းလင်းလင်း သိနိုင်ခဲ့သည်။ ဒါပေမဲ့ ကလေးလေးယောက်စလုံး စရိတ် သက်သက်သာသာဖြင့် အရပ်လက်သည်နဲ့ မွေးခဲ့ရသည့် သူ့အဖို့ ဆေးခန်းကိုသွားရမှာ ဝန်လေးသလို ရှက်လည်း ရှက်မိသည်။

"နင် စားတဲ့ဆေးတွေက အတုများ ဖြစ်နေမလားဟယ်"

ဟု တွေးတွေးဆဆဖြင့် ပြောလိုက်သည့် စိန်ပွင့်ရဲ့စကားကြောင့် သူ့မှာ အံ့ဩသွားသည်။ အိမ်မှာ ကျန်ရစ်သည့် ဆေးကတ်လေးကိုလည်း မြင်ယောင်မိသည်။ ဘယ်လိုပြောရမလဲ၊ စိန်ပွင့်ပြောသလိုပဲ အဲဒီဆေးတွေဟာ အတုဖြစ်နေသလား၊ ဒါမှမဟုတ် သက်တမ်းလွန်နေပြီလား။ ဆေးကတ်ပေါ် မှာ အင်္ဂလိပ်လို ရေးထား၍ ဘာတွေမှန်း သူလည်း မသိပါ။ ၎င်းဆေးကို မျက်စောင်းထိုးနေရာရှိ သန်းဦးရဲ့ ကွမ်းယာဆိုင်က ဝယ်လာခဲ့ခြင်း ဖြစ်သည်။ သန်းဦးက ကွမ်းယာအပြင် အိမ်သုံးဆေးဝါးတွေလည်း နည်းနည်းပါးပါး ရောင်းလိုက်သေးသည်။ အရင်တုန်းကလည်း သူ့ဆိုင်ကပဲ ဒီဆေးကို ဝယ်ယူခဲ့ပေမယ့် ဘာမှမဖြစ်။ ခုမှ ဘယ်လိုဖြစ်။ အတွေးရှုပ်၍ ခေါင်းကုတ်နေမိရာမှ မအေးတုတ်တစ်ယောက် မပွင့်တစ်ပွင့် ပြုံးရယ်လိုက်မိသည်။ ကြည့်စမ်းပါဦး.....။ လူ့ဘဝနဲ့လူ့ကံကြမ္မာ အံ့ဩစရာပါလား။ ဆေးစားမှား၍ စိန်ပွင့်တို့အရပ်ထဲ

က ကလေးမလေး သေဆုံးသွားသည်။ ဟော..... အခုတော့ သက်တမ်းလွန်ဆေးလား၊ ဆေးအတုလား။ ဘာမှန်းမသိတဲ့ ဆေးကို အစားမှားကာ လူ့လောကကို ရောက်လာတော့မည့် သန္ဓေသားလေးကို လွယ်ထားရလေပြီ။ အဲဒါကို ကံကြမ္မာကြောင့် မဟုတ်ဘူးလို့ ဘယ်သူက ပြောမလဲ။

ကိုစိန်ခိုက သူ့ရဲ့အကျင့်အတိုင်း မေးစေ့ပွတ်ခါ စဉ်းစားလျက်ရှိသည်။ မအေးတုတ် ပြောတာကို ငြိမ်သက်စွာ နားထောင်သည်။ တစ်ခါတစ်ရံ၌ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ချေသေးသည်။

"အေးကွာ..... တို့ရဲ့ မိသားစုထဲမှာ နောက်ထပ်တစ်ယောက် တိုးဝင်လာတာ ဝမ်းသာစရာကွ မအေးတုတ်ရဲ့.... ကျန်းမာရေးတော့ ဂရုစိုက်နော်.... ဒီအချိန်ကြီးမှာ လူကြီးရော... ကလေးပါ ကျန်းမာအောင် အားဆေးလေး၊ ဘာလေးစားကွာ.... မင်းနဲ့ ဘယ်လိုအားဆေး"

ကိုစိန်ခိုခမျာ မအေးတုတ်ရဲ့ "အလိုတော်" ဟူသော အော်သံကြောင့် စကားကို ဆုံးအောင် မပြောလိုက်ရ။

"မစားပေါင် ကိုစိန်ခိုရယ်..... ကလေးလေးယောက်စလုံး ဘာအားဆေးမှ မစားဘဲ မွေးလာခဲ့သေးတာ၊ ဒီကလေးကို ကိုယ်ဝန်လွယ်မှ ကျွန်မ အားဆေးစားနေရဦးမှာလား"

ပျာပျာသလဲပြောကာ ငြင်းလိုက်သည်။ သူပြောတာတွေလည်း မှန်ပါ၏။ အရင်ကလေးတွေတုန်းက အားဆေးတွေ မမှီဝဲဘဲနဲ့ ကိုယ်ဝန်ဆောင် မီးဖွားနိုင်ခဲ့သည်။ ဒါပေမဲ့ ယခင်တုန်းက အခြေအနေနှင့် မတူပြီ။ ယခုလိုအရွယ်ရောက်မှ ကိုယ်ဝန်လွယ်ရသည့်အချိန်မှာ ဆေးဝါးတွေ သုံးစွဲဖို့ လိုအပ်သည်။ မအေးတုတ်လည်း အားဆေးတွေကို သောက်သုံးသင့်မှန်း သိပါသည်။ ခက်တာက ဆေးစား မှားခဲ့ရင်ဆိုသည့် သံသယစိတ်ကြီးက သူ့ကို စိုးမိုးနေလျက် ရှိသည်။

ကံကောင်းထောက်မစွာဖြင့် လူ့လောကထဲကို ရောက်လာတော့မည့် ကလေးအတွက် တစ်စုံတစ်ခု လွဲချော်မှားယွင်းသွားတာမျိုး အဖြစ်မခံနိုင်ပါ။ သားလေးလား....၊ သမီးလေးလား....။ သူ့ဗိုက်လေးကို တယုတယ ကြည့်လိုက်သည့် မအေးတုတ်ရဲ့မျက်နှာတွင် မေတ္တာရိပ်တွေ လွှမ်းခြုံထားသောကြောင့် လပြည့်လဝန်းကြီးကို သန့်စင်ကြည်လင်၍ နေပါသည်။ မကြာခင်မှာ မေမေရဲ့နှလုံးသားကို ရိုက်ခတ်လာမည့် ဆည်းလည်းသံလေးကို ကြားရပေတော့မည်။

ကိုစိန်ခိုကမူ မှုန်ကုပ်နေရာမှ ချက်ချင်း ကြည်လင်ဝင်းပသွားသည့် ဇနီးသည်ရဲ့ ရွှေမျက်နှာကို နားမလည်နိုင်စွာဖြင့် ငေးမောလျက်ရှိသည်။ တစ်ခုခုတော့ ထူးခြားနေပြီလို့ အံ့အံ့ဩဩ တွေးလိုက်ရှာ၏။

**၂၀၀၂၊ စန္ဒကူးအိမ် ဝတ္ထုတိုစု**

*